D.K.B.A

# ကော်သူလေးတပ်မတော် (KAF) တပ်ဖွဲ့ဝင် D.K.B.A ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်

၁။ ကော်သူလေး တပ်မတော် (KAF) ဖွဲ့စည်းရသည့် ရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် ကွဲပြားခဲ့သောကရင်လက်နက်ကိုင် အဖွဲ့အစည်းများကို ပြန်လည်ပေါင်းစည်းပြီး တစ်သွေး၊ တစ်သံ၊ တစ်မိန့် တည်းအောက်တွင် ကရင်လူမျိုးတို့၏ လုံခြုံရေး၊ ဖိနှိပ်မှုများအောက်မှ လွတ်မြောက်ရေး အတွက် ကော်သူလေးတပ်မတော် (KAF) ကို ဖွဲ့စည်းတည်ထောင်ခြင်း ဖြစ်သည်။

၂။ကော်သူလေးတပ်မတော်(KAF)ကိုဖွဲ့စည်းရသည့်အကြောင်းအရာတွင်မည်သည့် လက်နက်ကိုင် အဖွဲ့အစည်း (သို့မဟုတ်) မည်သည့်နိုင်ငံရေး အဖွဲ့အစည်း အတွက်မျှမဟုတ်ပဲ၊ ကရင်လူမျိုး တို့ ၏ လိုလားတောင်းတမှုနှင့် ပြည်သူ့ဆန္ဒအရ ဖွဲ့စည်းခြင်း ဖြစ်သည်။

၃။ D.K.B.A အနေဖြင့် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင်၊ ပြည်သူ့ဆန္ဒကို ရယူပြီး ကော်သူလေး တပ်မတော် (KAF) ကို စတင်အကောင်အထည်ဖေါ် ဖွဲ့စည်းလိုက်ပြီး ဖြစ်သည်။

၄။ ကော်သူလေးတပ်မတော် (KAF) သည် ကရင်လူထုနှင့် အခြားတိုင်းရင်းသားများ၏ အရေးကို တပ်ပေါင်းစုနှင့်အတူ ပူးတွဲလုပ်ဆောင်သွားမည်။

၅။ မိမိတို့နှင့် သဘောထား ခံယူချက်တူသော ပြည်တွင်း/ပြည်ပမှ တိုင်းရင်းသား အဖွဲ့အစည်း များနှင့် အတူလက်တွဲပြီး၊ ရည်မှန်းချက်အောင်မြင်သည်အထိ လုပ်ဆောင် သွားမည်။

၆။ ကော်သူလေး တပ်မတော် (KAF) အနေဖြင့် မည်သည့်တစ်ပါတီ တစ်ဖွဲ့စည်း၏ နိုင်ငံရေး ဦးဆောင် ဝါးမျိုမှုအောက်တွင်မှ ရှိမနေပါ။

2/11/2014

ဗိုလ်ချုပ်ကြီး စောလဲလ်ဘွယ် (က/ပ)

စစ်ဦးစီးချုပ်

ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်

D K B A